၁၃-၅-၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ စက်သုံးဆီ၊ ရွှေ၊ ဒေါ်လာ ဈေးနှုန်းများ

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စက်သုံးဆီ (တစ်လီတာ) | | | | ၁၆' ပဲရည်ရွှေ (တစ်ကျပ်သား) | ဒေါ်လာ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | Octane 95 | Octane 92 | ဒီဇယ် (ရိုးရိုး) | အဆင့်မြင့်ဒီဇယ် | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | မြစ်ကြီးနား | ၃၃၀၀ | | ၇၀၀၀ | ၁၆၀၀၀ | - | ၂၉၅၅ | ၂၈၅၀ | ၂၅၁၅ | ၂၅၆၀ | ၄၆၅၀၀၀၀ | |
| ၂ | လားရှိုး | ၃၇၀၀ | | ၈၀၀၀ | ၁၇၀၀၀ | ၆၃၀၀ | ၂၈၈၀ | ၂၇၇၅ | ၂၄၄၀ | ၂၄၈၅ | ၄၈၆၀၀၀၀ | |
| ၃ | ကျိုင်းတုံ | ၄၀၅၀ | | ၇၅၀၀ | ၁၆၅၀၀ | ↑၇၂၀၀ | ၃၅၆၀ | ၃၄၅၀ | ၃၅၈၀ | ၃၆၄၀ | ၄၈၂၅၀၀၀ | |
| ၄ | တောင်ကြီး | ၃၆၀၀ | ၃၄၀၀ | ၆၉၅၀ | ၁၆၅၀၀ | ၅၈၅၀ | ၂၈၇၀ | ၂၇၆၅ | ၂၄၃၀ | ၂၄၇၅ | ၄၈၆၀၀၀၀ | |
| ၅ | လွိုင်ကော် | | | | | | | | | | | |
| ၆ | ဘားအံ | ၃၈၀၀ | | ၅၈၀၀ | ၁၅၅၀၀ | ၅၉၀၀ | ၂၈၃၀ | ၂၇၃၀ | ၂၃၉၀ | ၂၄၄၀ | ၄၇၀၀၀၀၀ | |
| ၇ | မော်လမြိုင် | ၃၅၀၀ | | ၅၃၀၀ | ၁၆၀၀၀ | ၅၇၀၀ | ၂၈၄၅ | ၂၇၄၅ | ၂၄၀၅ | ၂၄၅၅ | ၄၇၀၀၀၀၀ | |
| ၈ | ထားဝယ် | ၄၀၀၀ | | ၆၉၀၀ | ၁၇၀၀၀ | ၆၀၀၀ | ၂၈၅၅ | ၂၇၅၅ | ၂၄၁၅ | ၂၄၆၅ | ၄၈၃၅၀၀၀ | |
| ၉ | မြိတ် | ၄၀၀၀ | | ၆၁၀၀ | ၁၆၅၀၀ | ၆၂၀၀ | ၃၂၀၀ | ၃၁၀၀ | ၃၀၅၀ | ၃၂၀၀ | ၄၈၆၀၀၀၀ | |
| ၁၀ | ရန်ကုန် | ၄၀၀၀ | | ၅၈၀၀ | ၁၆၀၀၀ | ၅၆၀၀ | ၂၇၆၅ | ၂၆၆၀ | ၂၃၂၅ | ၂၃၇၀ | ၃၉၉၉၉၀၀ | ၂၁၀၀ |
| ၁၁ | ပုသိမ် | ၃၈၀၀ | | ၅၇၅၀ | ၁၆၀၀၀ | ၅၆၅၀ | ၂၈၂၅ | ၂၇၂၀ | ၂၃၈၅ | ၂၄၃၀ | ၄၈၂၀၀၀၀ | |
| ၁၂ | စစ်တွေ | | | | | | | | | | | |
| ၁၃ | ဟားခါး | ၇၅၀၀ | | ၈၅၀၀ | ၁၉၅၀၀ | - | ၃၂၉၀ | ၃၁၈၅ | ၂၈၅၀ | ၂၈၉၅ | ၄၇၅၀၀၀၀ | |
| ၁၄ | မုံရွာ | ↑၃၇၀၀ | ၃၁၅၀ | ၆၄၀၀ | ၁၄၀၀၀ | ၆၃၀၀ | ၂၈၇၀ | ၂၇၆၅ | ၂၄၂၅ | ၂၄၇၅ | ၄၀၂၀၀၀၀ | |
| ၁၅ | မန္တလေး | ၄၅၀၀ | | ၇၀၀၀ | ၁၄၀၀၀ | ၆၀၅၀ | ၂၈၄၅ | ၂၇၄၀ | ၂၄၀၀ | ၂၄၅၀ | | |
| ၁၆ | ပခုက္ကူ | ၄၂၀၀ | | ၆၃၀၀ | ၁၃၀၀၀ | ၆၁၀၀ | ၂၈၄၅ | ၂၇၄၀ | ၂၄၀၅ | ၂၄၅၀ | ၄၈၅၀၀၀၀ | |
| ၁၇ | မကွေး | ၃၈၅၀ | | ၇၅၅၀ | ၁၅၀၀၀ | ၆၀၀၀ | ၂၈၄၅ | ၂၇၄၀ | ၂၄၀၅ | ၂၄၅၀ | ၄၅၉၈၀၀၀ | |
| ၁၈ | ပြည် | ၃၄၀၀ | | ၆၀၀၀ | ၁၅၀၀၀ | ၅၇၀၀ | ၂၈၀၅ | ၂၇၀၀ | ၂၃၆၅ | ၂၄၁၅ | ၄၇၀၀၀၀၀ | |
| ၁၉ | ပဲခူး | ၃၂၀၀ | | ၅၅၀၀ | ၁၄၀၀၀ | ၅၇၀၀ | ၂၇၇၅ | ၂၆၇၀ | ၂၃၃၅ | ၂၃၈၀ | ၄၇၀၀၀၀၀ | |
| ၂၀ | ပျဉ်းမနား | ၃၈၀၀ | | ၆၆၀၀ | ၁၄၅၀၀ | ၅၅၅၀ | ၂၈၂၀ | ၂၇၂၀ | ၂၃၈၀ | ၂၄၂၅ | ၃၉၉၉၉၀၀ | |
| ၂၁ | နေပြည်တော် | ၃၈၀၀ | | ၆၆၀၀ | ၁၄၅၀၀ | ၅၅၅၀ | ၂၈၂၀ | ၂၇၂၀ | ၂၃၈၀ | ၂၄၂၅ | ၃၉၉၉၉၀၀ | |
| ၂၂ | ကလေး | ၃၆၀၀ | ၃၀၀၀ | | ၁၅၀၀၀ | ၉၅၀၀ | ၃၂၂၆ | ၃၁၂၆ | ၂၇၉၈ | ၂၈၄၄ | ၄၈၅၀၀၀၀ | |

**Source:** ပြည်တွင်းဌာနခွဲ




## အွန်လိုင်းပေါ်က ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများ ဝယ်ယူသုံးစွဲရာဝယ်






မြန်မာနိုင်ငံ၌ ဆက်သွယ်ရေးကွန်ရက်အသုံးပြုမှုများ အရှိန်အဟုန်ဖြင့် တိုးတက်လာသည်နှင့်အမျှ ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများကို Website များ၊ အွန်လိုင်း ပလက်ဖောင်းဈေး သို့မဟုတ် အပလီကေးရှင်းများနှင့် လူမှုကွန်ရက်စာမျက်နှာများ (Online Shopping Page) တည်ထောင်ဖွင့်လှစ်ရောင်းချသူ များပြားလာသကဲ့သို့ အွန်းလိုင်းအသုံးပြုဝယ်ယူသုံးစွဲသော စားသုံးသူများ မှာလည်း တစ်နေ့တစ်ခြား တိုးတက်များပြားလာလျက်ရှိပါ သည်။ တိုးတက်မှုများနှင့်အတူ စိန်ခေါ်မှုများလည်း ရှိတတ် သည်မှာ ဓမ္မတာပင် ဖြစ်ပါသည်။ စားသုံးသူများအနေဖြင့် အင်တာနက်အသုံးပြု၍ အွန်လိုင်းပေါ်မှ ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများ ဝယ်ယူသုံးစွဲခြင်းသည် သုံးစွဲ သူ၏ စိတ်ကြိုက်ရွေးချယ် ဝယ်ယူသုံးစွဲနိုင်ပြီး အချိန်ကုန် သက်သာစေသော်လည်း သုံးစွဲသူများအား မလိုလားအပ်သော အန္တရာယ်များနှင့် စားသုံးသူနစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်စေ နိုင်ပါသည်။

ကမ္ဘာအနှံ့ အွန်လိုင်းအသုံးပြု ရောင်းချသုံးစွဲသူများ ရှိရာ နိုင်ငံတိုင်း၌ အွန်လိုင်းကို အသုံးပြု၍ မှန်ကန်စွာ အသက်မွေးဝမ်းကျောင်းပြုနေသည့် လုပ်ငန်းရှင်များ ရှိသကဲ့သို့ အွန်လိုင်းမှ ရာဇဝတ်မှုကျူးလွန်ရန် ရည်ရွယ် ဆောင်ရွက်နေသည့် အယောင်ဆောင် လုပ်ငန်းရှင်များလည်း ရှိကြောင်း လေ့လာသိရှိရပါသည်။ ဗြိတိန်နိုင်ငံရှိ UK Finance က ၂၀၂၂ ခုနှစ်တွင် ထုတ်ပြန်ခဲ့သည့် နှစ်စဉ် အစီရင်ခံစာအရ အွန်လိုင်းရာဇဝတ်မှုကျူးလွန်သူများသည်

စာမျက်နှာ ၃ ကော်လံ ၁ သို့

၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလတွင် စတင်ထုတ်ဝေသည်။

## သတင်းခေါင်းစဉ်များ

**မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်ကဏ္ဍ** ၄
၁။ စားသုံးသူရေးရာကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးများ ကျင်းပ
**ပြည်တွင်း၊ပြည်ပမိတ်ဖက်အဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်မှုကဏ္ဍ** ၅
၂။ ဆဌမအကြိမ်မြောက် အာဆီယံ-တရုတ်လွတ်လပ်သော ကုန်သွယ်မှုဒေသအဆင့်မြှင့်တင်မှုဆိုင်ရာ စေ့စပ်ဆွေးနွေးပွဲနှင့် ဆက်စပ်အစည်းအဝေးသို့ တက်ရောက်ခဲ့
**စားသုံးသူတိုင်ကြားမှုနှင့် ဖြေရှင်းပေးမှုကဏ္ဍ** ၆
၃။ Wifi Router စက်ဝယ်ယူခြင်းနှင့်ပတ်သက်၍ တိုင်ကြားလာခြင်းအပေါ် ဖြေရှင်းပေးမှုအခြေအနေ
၄။ ကုန်စည်ပို့ဆောင်ရေးကုမ္ပဏီ၏ ဝန်ဆောင်မှုနှင့်ပတ်သက်၍ တိုင်ကြားလာမှုအပေါ် ဖြေရှင်းပေးမှုအခြေအနေ
၅။ ၂၀၂၄ ခုနှစ်၊ မတ်လအတွင်း CICC ရုံးများသို့ တိုင်ကြားလာမှုအခြေအနေ
**ထုတ်ကုန်လုံခြုံစိတ်ချရမှုကဏ္ဍ** ၈
၆။ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးတွင် စျေးကွက်စောင့်ကြည့်စစ်ဆေးခြင်း
၇။ ၂၀၂၄ခုနှစ်၊ မတ်လအတွင်း စျေးကွက်စောင့်ကြည့်စစ်ဆေးမှုအခြေအနေ
၈။ ၂၀၂၄ ခုနှစ် မတ်လအတွင်း ကုန်အညွှန်းအမှတ်အသား စိစစ်ခွင့်ပြုပေးခဲ့မှုအခြေအနေ
**စားသုံးသူအသိပညာပေးရေးကဏ္ဍ** ၁
၉။ အွန်လိုင်းပေါ်က ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများ ဝယ်ယူသုံးစွဲရာဝယ်
၁၀။ တိုင်းဒေသကြီး၊ ပြည်နယ်များအတွင်း အသိပညာပေးလုပ်ငန်းများဆောင်ရွက်
၁၁။ ၂၀၂၄ ခုနှစ်၊ မတ်လအတွင်း စားသုံးသူအသိပညာပေးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ
**သတင်းအချက်အလက်နည်းပညာနှင့်အရည်အသွေးစီမံခန့်ခွဲမှုကဏ္ဍ** ၁၆
၁၂။ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သတ်မှတ်ချက်များနှင့်အညီ ဆန်၊ ဆန်ကွဲနှင့် ပြောင်းဆံ တင်ပို့နိုင်ရေးဆောင်ရွက်
၁၃။ မြန်မာပဲတီစိမ်းများအား ဥရောပနိုင်ငံများသို့ တင်ပို့ရာတွင် ဥပဒေသတ်မှတ်ချက်များနှင့်အညီ စိုက်ပျိုးထုတ်လုပ်တင်ပို့သွားနိုင်ရေးဆောင်ရွက်
**ကုန်သွယ်မှုကဏ္ဍ** ၁၈
၁၄။ ကျွန်းလှမြို့တွင် မြေအောက်ရေတင်စနစ်ဖြင့် ဂန္ဓမာပန်းပင် စိုက်ပျိုးဝင်ငွေတိုး
၁၅။ ငှက်ပျောများဖြိုင်ဖြိုင်သိမ်း
၁၆။ တိုင်းဒေသကြီးနှင့်ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ စက်သုံးဆီ၊ ရွှေဒေါ်လာ စျေးနှုန်းများ



*စာမျက်နှာ ၁၈ မှအဆက်*

ကျပ် (၁၅၀၀၀၀၀) ရရှိပါကြောင်း၊ တစ်ခါစိုက်လျှင် တစ်လခွဲခန့်ကြာအောင် ခူးဆွတ်ရောင်းချရပါကြောင်း၊ ဂန္ဓမာပန်း စိုက်ပျိုးရောင်းချသူများသည် မြေအောက်ရေတင်စနစ် စိုက်ပျိုးခြင်းဖြင့် အမြတ်အစွန်းမှာ ကျပ် (၁၃,၅၀,၀၀၀) ခန့် ကျန်ရှိကြောင်း ဂန္ဓမာပန်းစိုက်ပျိုးသူထံမှ သိရှိရပါသည်။

**Source:** စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူးရုံး

## ငှက်ပျောများဖြိုင်ဖြိုင်သိမ်း



မန္တလေးတိုင်းဒေသကြီး၊ကျောက်ဆည်ခရိုင်တွင် သီးနှံမျိုးစုံစိုက်ပျိုးလျှက်ရှိရာ ငှက်ပျောသီးနှံကိုလည်း စီးပွားဖြစ် စိုက်ပျိုးကြပါ သည်။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ငှက်ပျောစိုက်ဧကအနေဖြင့် ကျောက်ဆည်မြို့နယ်တွင် (၁၂၈၂) ဧက၊ စဉ့်ကိုင်မြို့နယ်တွင် (၇၅၀)ဧက၊ မြစ်သားမြို့နယ်တွင် (၉၀၁) ဧက၊ စုစုပေါင်း (၂၉၃၃)ဧကစိုက်ပျိုးထားရှိပြီး ယခု လက်ရှိအချိန်ထိ ငှက်ပျောရိတ်ဧက (၂၄၉၁) ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း၊ ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ စာရင်းများအရ သိရှိရပါသည်။ ငှက်ပျောစိုက်ပျိုးမှု ကုန်ကျစရိတ်အနေဖြင့် မျိုး ၊သွင်းအားစု၊ လုပ်သားခအပါအဝင် စုစုပေါင်း(၁၅၀၀၀၀၀/-) ကျပ်ခန့်ကုန်ကျကြောင်း ၊ (၁)ဧက အထွက်နှုန်းအနေဖြင့် ငှက်ပျောခိုင် (၈၀၀)ခိုင်ထွက်ရှိကြောင်း၊ ယခုလက်ရှိ စျေးနှုန်းအနေဖြင့် အခိုင်(၄၀)ပါ ငှက်ပျောလှည်းတစ်စီးလျှင် (၃၅၀၀၀၀/-)ကျပ်စျေးနှုန်းများဖြင့် ရောင်းချရကြောင်း၊ ငှက်ပျောကြိုတင်ရောင်း လှည်းတစ်စီးလျှင် (၂၅၀၀၀၀/-)ကျပ်ဖြင့် ရောင်းချရကြောင်း ၊ ငှက်ပျောစျေးနှုန်းအနေဖြင့် ယခင်နှစ်ငှက်ပျောသီး ဖီးကြမ်းလက်ရင်းတစ်ဖီးလျှင်(၂၈၀၀/-)ကျပ်၊ လက်ဖျားတစ်ဖီးလျှင် (၂၃၀၀/-)ကျပ် စျေးနှုန်းများရှိခဲ့ပြီး ယခုလက်ရှိ ဖီးကြမ်းလက်ရင်းတစ်ဖီးလျှင်(၃၀၀၀/-)ကျပ်၊ လက်ဖျားတစ်ဖီးလျှင်(၂၀၀၀/-)ကျပ် စျေးနှုန်းများဖြင့် ရောင်းဝယ်လျှက်ရှိပါသည်။ စျေးနှုန်းများ ကောင်းမွန်သောကြောင့် အကျိုးအမြတ်များ ပိုမိုဖြစ်ထွန်းသဖြင့် ငှက်ပျောသီးကို တိုးချဲ့စိုက်ပျိုးသင့်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။

**Source:** ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်

## ကျွန်းလှမြို့တွင် မြေအောက်ရေတင်စနစ်ဖြင့် ဂန္ဓမာပန်းပင် စိုက်ပျိုးဝင်ငွေတိုး



စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် စားသုံးသူကာကွယ်ပေးရေးလုပ်ငန်းများအပြင် ပြည်တွင်းကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုပါ ဆောင်ရွက်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး ၊ ကန့်ဘလူခရိုင် ၊ ကျွန်းလှမြို့တွင် မိသားစုစားဝတ်နေရေးအတွက် အပိုဝင်ငွေရရှိရန် ဂန္ဓမာပန်းပင်ကို မြေအောက်ရေတင်စနစ်ဖြင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးလာကြသည်ကို တွေ့ရှိရပါသည်။

ဂန္ဓမာပန်းပင် စိုက်ပျိုးရန်အတွက် ဂန္ဓမာပန်းပျိုးပင်သက် (၁)လခွဲသားအပင်များကို ပြင်ဦးလွင်မြို့မှ မှာယူကာ အိမ်အရောက် တစ်ပင် (၂၅) ကျပ်ဖြင့်ဝယ်ယူရပါကြောင်း၊ ယခု ကျွန်းလှမြို့တွင် စိုက်ပျိုးထားသော ဂန္ဓမာပန်းအမျိုးအစားများမှာ မြနှင်းဖြူမျိုး၊ စံပယ်ဖြူမျိုးနှင့် ပဲနီမျိုးတို့ဖြစ်ကြပြီး ဂန္ဓမာပန်းပင် စိုက်ပျိုးမှုပုံစံမှာ မြေအကျယ်အဝန်းမှာ (၆၀) ပေပတ်လည်တွင် မြေဘောင်တင်စနစ်၊ မြေအောက်ရေတင် စနစ်တို့ဖြင့် စိုက်ပျိုးကာ အပင်အရေအတွက်(၂၅၀၀)ခန့် စိုက်ပျိုးနိုင်ပါကြောင်း၊ ဂန္ဓမာပန်းပျိုးပင်ဝယ်ယူခြင်း၊ မြေဘောင်တင်ခြင်း မြေပြုပြင်ခြင်း၊ သွင်းအားစုထည့်ခြင်း၊ ရေတင်သွင်းခြင်းတို့အတွက် ကုန်ကျစရိတ် စုစုပေါင်း ကျပ် (၁၅၀၀၀၀) ကုန်ကျပါကြောင်း၊ ယခုလက်ရှိ ချိုးရောင်းနေသော ဂန္ဓမာပန်းပင်သည် အောက်တိုဘာလတွင် စတင်စိုက်ပျိုးပြီး မတ်လတွင် ဂန္ဓမာပန်း ပင်များကိုချိုး၍ ရောင်းချရနေပြီဖြစ်ကြောင်း။ ဂန္ဓမာပန်းပင်ကို တစ်ခါစိုက်ပြီး ပြုစုပျိုးထောင်နိုင်မှုအားကောင်းလျှင် (၃) သားခန့်အထိ ချိုးယူ ခူးဆွတ် ရောင်းချရပါကြောင်း၊ ဂန္ဓမာပန်းသည် စိုက်ပျိုးပြီး (၅) လ အကြာတွင် စတင်ချိုးယူ ခူးဆွတ်ရောင်းချရပါကြောင်း၊ တစ်ခါချိုးယူခူးဆွတ်ပြီးသည့် ပန်းခင်းကို ဒုတိယအကြိမ် သွင်းအားစုထည့်ပြီး ပြုစုပျိုးထောင်လျှင်(၃)လကြာသည့်အခါ ပြန်လည်ချိုးယူ၍ ရောင်းချရပါကြောင်း၊ ဂန္ဓမာပန်းများကို တစ်စည်းလျှင် ဖောက်သည်ပေးသည့်ဈေးနှုန်းမှာ ကျပ် (၅၀၀) နှုန်းနှင့် တစ်ရက်လျှင် အစည်းအရေအတွက် (၁၀၀ မှ ၁၅၀)ထိ ရောင်းချရပါကြောင်း၊ စားသုံးသူများထံ လက်ဝယ်ရောင်းချသည့်ဈေးမှာ ကျပ်(၈၀၀/၁၀၀၀)ဖြင့် ရောင်းချပြီး တစ်ရက်လျှင် ရောင်းရငွေမှာ ပျမ်းမျှအားဖြင့် ကျပ်(၅၀၀၀၀)ရရှိပြီး တစ်လရောင်းရငွေမှာ

စာမျက်နှာ ၁၉ ကော်လံ ၁ သို့



စာမျက်နှာ ၁ မှအဆက်

လိမ်လည်မှုမှတစ်ဆင့် တစ်မိနစ်လျှင် ပေါင် ၂၃၀၀ ကျော်ခန့် လိမ်လည်ခိုးယူလျက်ရှိပြီး ၂၀၂၂ ခုနှစ်အတွင်း ပေါင် ၁. ၂ ဘီလီယံကျော် ခိုးယူခဲ့ကြောင်း၊ လိမ်လည်မှုများ၏ ၇၈ ရာခိုင်နှုန်းသည် အွန်လိုင်းမှ စတင်ခဲ့သော လိမ်လည်မှုများဖြစ်ပြီး ၁၈ ရာခိုင်နှုန်းသည် တယ်လီဖုန်းဆက်သွယ်ရေးမှတစ်ဆင့် စတင်ခဲ့သောလိမ်လည်မှုများဖြစ်ကြောင်း၊ အွန်လိုင်းလိမ်လည်မှု၏ လေးပုံသုံးပုံခန့်သည် ဆိုရှယ်မီဒီယာပေါ်မှ စတင်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

သို့ဖြစ်ပါ၍ စားသုံးသူများအနေဖြင့် အင်တာနက်အသုံးပြု၍ အွန်လိုင်းပေါ်မှ ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများ ဝယ်ယူသုံးစွဲခြင်းကြောင့် နစ်နာဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေးအတွက် အောက်ဖော်ပြပါအချက်များအတိုင်း စိစစ်၍ ဝယ်ယူသုံးစွဲသင့်ပါသည်-

၁။ မိမိဆက်သွယ်ဝယ်ယူမည့် Pageသို့မဟုတ် Website သည် စားသုံးသူများအကြား နာမည်ဂုဏ်သတင်းကောင်းမွန်ခြင်း ရှိ/မရှိ စိစစ်ရန်၊ (ဥပမာ- Positive Review, Positive Comment)

၂။ Page သို့မဟုတ် Website တွင် ဖော်ပြထားသည့် ဖုန်းနံပါတ်များနှင့် နေရပ်လိပ်စာများသည် မှန်ကန်မှု ရှိ-မရှိ စိစစ်ရန်၊ (မြေပြင်တွင် အမှန်တကယ်မရှိသော လိပ်စာများနှင့် ဆက်သွယ်၍ မရသော ဖုန်းနံပါတ်များ ဖော်ပြထားခြင်း)

၃။ မိမိဝယ်ယူသုံးစွဲမည့် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုသည် စားသုံးသူများအကြား နာမည်ဂုဏ်သတင်း ကောင်းမွန်ခြင်း ရှိ/မရှိ စိစစ်ရန်၊ (ဥပမာ- Positive Review, Positive Comment)

၄။ လက်လီရောင်းချသူမှ ဖော်ပြထားသော ဈေးနှုန်းသည် အခြားလက်လီရောင်းချသူများတွင် ဖော်ပြထားသော ဈေးနှုန်းနှင့် တူညီမှု ရှိ/မရှိ စိစစ်ရန်၊

၅။ ကုန်ပစ္စည်းနှင့်ပတ်သက်သည့် တိကျမှန်ကန်သော သတင်းအချက်အလက်များ ဖော်ပြထားခြင်း ရှိ/မရှိ စိစစ်ရန်၊ (ဥပမာ- သက်တမ်းကုန်ဆုံးသည့်ရက်စွဲ၊ သုံးစွဲပုံနည်းလမ်း၊ ထားသိုသိမ်းဆည်းပုံ အညွှန်းစသည်)

၆။ သတ်မှတ်ထားသော ဌာန၊ အဖွဲ့အစည်း၏ ထောက်ခံချက် ရှိ/မရှိ စိစစ်ရန်၊ (ဥပမာ- FDA ထောက်ခံချက်၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း မှတ်ပုံတင်အမှတ် စသည်)

၇။ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့်ပတ်သက်သော ကြော်ငြာနှင့် အရောင်းမြှင့်တင်ရေး (Sales Promotion) တို့တွင် ပါဝင်သော ဖော်ပြချက်များနှင့် ကိုက်ညီမှု ရှိ/မရှိ စိစစ်ရန်၊ (ဥပမာ- တစ်ခုဝယ်လျှင် တစ်ခုလက်ဆောင်ပေးမည်၊ အခမဲ့ပို့ဆောင်ပေးမည်၊ အခမဲ့တပ်ဆင်ပေးမည် စသည်)

၈။ အငြင်းပွားမှု တစ်စုံတစ်ရာ ပေါ်ပေါက်လာပါက ပစ္စည်းလဲလှယ်ပေးခြင်း သို့မဟုတ် ငွေကြေးပြန်လည်ပေးအပ်ခြင်း၊ အစားထိုး ရယူခွင့်ပေးခြင်း၊ ပြန်လည်ပြင်ဆင်ပေးခြင်း ရှိ/မရှိ စိစစ်ရန်၊

စာမျက်နှာ ၄ ကော်လံ ၁ သို့

*စာမျက်နှာ ၃ မှအဆက်*

၉။ သတ်မှတ်ထားသော ငွေပေးချေမှုစနစ် ရှိ/မရှိ စိစစ်ရန်၊ (ဥပမာ- အိမ်အရောက်ငွေချေ စနစ်၊ ကြိုတင်ငွေပေးချေစနစ် စသည်)

၁၀။ သတ်မှတ်ထားသော ကုန်စည်ပို့ဆောင်မှုစနစ် ရှိ-မရှိ စိစစ်ရန်၊ (ဥပမာ- စာတိုက်မှ တစ်ဆင့် ပို့ဆောင်ခြင်း၊ ကားဂိတ်မှတစ်ဆင့် ပို့ဆောင်ခြင်း၊ အိမ်အရောက်ပို့ဆောင်ခြင်း စသည်)

၁၁။ ကုန်ပစ္စည်းပေးပို့ခြင်းများအတွက် ခြေရာခံနိုင်သည့် စနစ် တည်ဆောက်ထားမှု ရှိ-မရှိ စိစစ်ရန်၊ (ဥပမာ- မိမိဝယ်ယူထားသော ကုန်စည်ရောက်ရှိနေသော နေရာကို သိရှိနိုင်ခြင်း)

၁၂။ မိမိဝယ်ယူသုံးစွဲမည့် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ စာချုပ်ပါ အချက်အလက်များ သို့မဟုတ် အာမခံချက်ပါ အချက်အလက်များ မျှတမှု ရှိ/မရှိ စိစစ်ရန်၊

၁၃။ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ဝယ်ယူသုံးစွဲရာတွင် မိမိ၏ ကိုယ်ရေးအချက်အလက်များပေးအပ်ရန် လိုအပ်လာပါက ကျိုးကြောင်းခိုင်လုံမှု ရှိ/မရှိ စိစစ်ရန်နှင့် လုံခြုံစိတ်ချရမှုရှိမှသာ ပေးအပ်သွားရန်။

**Source:** ပညာပေး

**ဆက်လက်ဖော်ပြသွားပါမည်။**

## မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်ကဏ္ဍ

### စားသုံးသူရေးရာကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးများ ကျင်းပ

စားသုံးသူကာကွယ်ရေးဥပဒေ ပုဒ်မ ၁၇၊ ပုဒ်မခွဲ (က) အရ စားသုံးသူကာကွယ်ရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရန်၊စားသုံးသူနှင့် စီးပွားရေးလုပ်ငန်းရှင်တို့အကြား အငြင်းပွားမှုဆိုင်ရာကိစ္စရပ်များကို ဖြေရှင်းပေးရန်နှင့် အတည်ပြုဆုံးဖြတ်ပေးရန်တို့အတွက် မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်၏ ၂၀၂၀ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၄/၂၀၂၀) ဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်စားသုံးသူရေးရာကော်မတီများကို ဖွဲ့စည်းတာဝန်ပေးအပ်ထားရှိပါသည်။ အဆိုပါ ကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အနည်းဆုံး သုံးလလျှင် တစ်ကြိမ်ကျင်းပရမည်ဖြစ်ရာ ၂၀၂၄ ခုနှစ်၊ မတ်လအတွင်း တနင်္သာရီတိုင်းဒေသကြီး စားသုံးသူရေးရာကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၅-၃-၂၀၂၄ ရက်နေ့တွင်လည်းကောင်း၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ် စားသုံးသူရေးရာကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးများကို ၇-၃-၂၀၂၄ ရက်နေ့တွင်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး စားသုံးသူရေးရာကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၈-၃-၂၀၂၄ ရက်နေ့တွင် လည်းကောင်း၊ ရှမ်းပြည်နယ် စားသုံးသူရေးရာကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၂၁-၃-၂၀၂၄ ရက်နေ့တွင်လည်းကောင်း၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် နေပြည်တော်ကောင်စီ စားသုံးသူရေးရာကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးများကို

*စာမျက်နှာ ၅ ကော်လံ ၁ သို့*



*စာမျက်နှာ ၁၆ မှအဆက်*

ကုန်ချောထားရှိမှု၊ လုပ်သားများ ကျန်းမာရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး၊ ဆန်စက်များ၏ အဆင့်အတန်း၊ ပြောင်းအခြောက်ခံစက်နှင့်နေလှမ်းကွင်းစသည့် အချက်များအား အဓိကစစ်ဆေးလျက်ရှိပါသည်။

၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်မှစ၍ ဘဏ္ဍာရေးနှစ်အလိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ဆန်၊ ဆန်ကွဲနှင့် ပြောင်းဆံ တင်ပို့ခွင့်ရရှိထားသည့် ကုမ္ပဏီများအရေအတွက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ဘဏ္ဍာရေးနှစ် | ကုမ္ပဏီအရေအတွက် | တင်ပို့ခွင့်သက်တမ်း | |
|---|---|---|---|---|
| | | | စတင်ရရှိသည့်နေ့ | ကုန်ဆုံးမည့်နေ့ |
| **ဆန်နှင့်ဆန်ကွဲ** | | | | |
| (က) | ၂၀၂၁-၂၀၂၂ | ၄၃ | ၁-၁၂-၂၀၂၁ | ၃၀-၁၁-၂၀၂၆ |
| (ခ) | ၂၀၂၂-၂၀၂၃ | ၁၈ | ၆-၆-၂၀၂၂ | ၆-၆-၂၀၂၇ |
| | **စုစုပေါင်း** | ၆၁ | | |
| **ပြောင်းဆံ** | | | | |
| (က) | ၂၀၂၂-၂၀၂၃ | ၁၁၂ | - | - |

၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် ဆန်၊ ဆန်ကွဲတင်ပို့မည့်ကုမ္ပဏီ ၇၆ ခုကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ GACC တွင် မှတ်ပုံတင်ခွင့်ရရှိရေး ဆောင်ရွက်လျက်ရှိပါသည်။

**Source:** သတင်း/နည်း

## မြန်မာပဲတီစိမ်းများအား ဥရောပနိုင်ငံများသို့ တင်ပို့ရာတွင် ဥပဒေသတ်မှတ်ချက်များနှင့်အညီ စိုက်ပျိုးထုတ်လုပ်တင်ပို့သွားနိုင်ရေး ဆောင်ရွက်

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် ဥရောပသမဂ္ဂနိုင်ငံများသို့ ပဲပင်ပေါက် ဖောက်ရန်အတွက် ၂၀၁၄-၂၀၁၅ ခုနှစ်မှ စတင်၍ မြန်မာပဲများတင်ပို့ရေး လုပ်ငန်းကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်း၍ စိုက်ပျိုးရာသီအလိုက် ကောင်းမွန်သော စိုက်ပျိုးရေးကျင့်စဉ်များ၊ ကောင်းမွန်သော ကျန်းမာသန့်ရှင်းမှုဆိုင်ရာ ကျင့်စဉ်များဖြင့် စိုက်ပျိုးနိုင်စေရေးနှင့် ပိုးသတ်ဆေးစနစ်တကျသုံးစွဲနိုင်စေရေးအတွက် တောင်သူပညာပေးသင်တန်းများပို့ချခြင်း၊ ပဲတီစိမ်းတင်ပို့မည့် ကုမ္ပဏီများအား Processer စစ်ဆေးခြင်းနှင့် စစ်ဆေးပြီးကုမ္ပဏီများ၏ ပဲများအား ပဲရာသီအလိုက် ဥရောပသမဂ္ဂနိုင်ငံသို့ တင်ပို့နိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနနှင့် ပဲတင်ပို့သူများအစုအဖွဲ့တို့ ပူးပေါင်းပြီး ဆောင်ရွက်လျက်ရှိပါသည်။

**Source:** သတင်း/နည်း

စာမျက်နှာ ၁၅ မှအဆက်

| | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်၊ မတ်လ စားသုံးသူအသိပညာပေးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ | | | | | | | | | | | | | | | |
| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | လုပ်ငန်းဆောင်ရွက်သည့်အကြိမ်ပေါင်း | | | | | | | | | | | | | တိုင်းစားသုံးသူရေးရာ ကော်မတီ အစည်းအဝေး |
| | | ဟောပြောသည့်နေရာ အရေအတွက် | | | | | | | | | | အလုပ်ရုံ ဆွေးနွေးပွဲ ကျင်းပခြင်း | လုပ်ငန်းရှင် တွေ့ဆုံ ဆွေးနွေးခြင်း | သင်တန်းများ ဖွင့်လှစ်ခြင်း | |
| | | ကျောင်း | တက္ကသိုလ် ကောလိပ် သိပ္ပံ | ရပ်ကွက် ကျေးရွာ | တပ်ရင်း + ဌာန + အသင်း | Online/ Media (Talk Show) | စက်ရုံ အလုပ်ရုံ | ဈေး | အခြား | ပြခန်း | စုစု ပေါင်း | | | | |
| ၁ | ပြည်ထောင်စုန | - | - | - | ၁ | - | - | - | - | - | ၁ | - | ၂ | ၁ | ၁ |
| ၂ | ရန်ကုန် | - | - | ၂ | - | ၁ | - | ၇ | - | ၁ | ၁၁ | - | ၁၃ | ၂ | ၁ |
| ၃ | မန္တလေး | - | ၁ | ၇ | ၅ | - | ၁ | - | ၃ | - | ၁၇ | ၁ | ၃၁ | ၁ | - |
| ၄ | ဧရာဝတီ | - | ၁ | ၂၆ | ၉ | ၁၈ | ၁ | - | - | - | ၅၅ | - | ၃၁ | ၁ | - |
| ၅ | စစ်ကိုင်း | - | - | ၁ | ၆ | ၈ | - | - | - | ၁ | ၁၆ | - | ၂၅ | - | ၁ |
| ၆ | ပဲခူး | - | - | ၂၅ | - | ၁၃ | - | - | - | ၂ | ၄၀ | - | ၇၈ | - | ၁ |
| ၇ | မကွေး | ၃ | - | ၉ | ၁၀ | ၉ | - | ၂ | ၂ | ၁ | ၃၆ | - | ၅၃ | - | - |
| ၈ | တနင်္သာရီ | ၃ | - | - | ၁ | - | - | - | - | - | ၄ | - | ၄ | - | ၁ |
| ၉ | ကချင် | - | - | ၂ | ၁ | - | - | - | - | ၁ | ၄ | - | ၆ | - | ၁ |
| ၁၀ | ကယား | - | - | - | - | - | - | - | - | - | ၀ | - | - | - | - |
| ၁၁ | ကရင် | ၁ | - | - | ၁ | - | - | ၁ | - | - | ၃ | - | ၂ | ၁ | ၁ |
| ၁၂ | ချင်း | - | - | - | ၁ | - | - | - | - | - | ၁ | - | - | - | ၁ |
| ၁၃ | မွန် | - | - | - | ၁ | ၈ | - | - | - | ၁ | ၁၀ | - | ၆ | - | ၁ |
| ၁၄ | ရခိုင် | - | - | ၁ | ၁ | - | - | ၁ | - | - | ၃ | - | ၂ | - | ၁ |
| ၁၅ | ရှမ်းတောင် | - | - | - | ၁ | - | - | - | - | - | ၁ | - | ၆ | - | ၁ |
| ၁၆ | ရှမ်းမြောက် | - | - | - | - | - | - | - | - | - | - | - | ၁ | - | - |
| ၁၇ | ရှမ်းအရှေ့ | ၁ | - | - | - | - | - | - | - | - | ၁ | - | ၂ | - | - |
| | ပြည်ထောင်စုချုပ် | ၈ | ၂ | ၇၃ | ၃၈ | ၅၇ | ၂ | ၁၁ | ၅ | ၇ | ၂၀၃ | ၁ | ၂၆၂ | ၆ | ၁၁ |

**Source:** အသိပညာပေး

## သတင်းအချက်အလက်နည်းပညာနှင့် အရည်အသွေးစီမံခန့်ခွဲမှုကဏ္ဍ

### တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သတ်မှတ်ချက်များနှင့်အညီ ဆန်၊ ဆန်ကွဲနှင့် ပြောင်းဆံတင်ပို့နိုင်ရေး ဆောင်ရွက်

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်း၍ ဆန်၊ ဆန်ကွဲနှင့် ပြောင်းဆံတို့ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အကောက်ခွန် အထွေထွေ အုပ်ချုပ်ရေးအာဏာပိုင်အဖွဲ့ (GACC) တွင် မှတ်ပုံတင်ခွင့်ရရှိရေး ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ GACC နှင့် ချုပ်ဆိုထားသည့် စစ်ဆေးခြင်းနှင့် ပိုးမွှားကင်းစင်ရေး သဘောတူစာချုပ်ပါ အချက်များနှင့်အညီ ဆန်၊ ဆန်ကွဲနှင့် ပြောင်းဆံတင်ပို့မည့် ကုမ္ပဏီများ၏ စက်ရုံများနှင့် သိုလှောင်ရုံများတွင် ကုန်ကြမ်းနှင့်

စာမျက်နှာ ၁၇ ကော်လံ ၁ သို့



စာမျက်နှာ ၄ မှအဆက်

၂၂-၃-၂-၂၄ ရက်နေ့တွင် လည်းကောင်း၊ ကချင်ပြည်နယ် စားသုံးသူရေးရာကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၂၆-၃-၂၀၂၄ ရက်နေ့တွင်လည်းကောင်း၊ ချင်းပြည်နယ် စားသုံးသူရေးရာကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၂၈-၃-၂၀၂၄ ရက်နေ့တွင်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး စားသုံးသူရေးရာကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၂၉-၃-၂၀၂၄ ရက်နေ့တွင်လည်းကောင်း ကျင်းပခဲ့ရာ စုစုပေါင်း (၁၁) ကြိမ် ကျင်းပနိုင်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Source:** ကော်မရှင်

## ပြည်တွင်း၊ ပြည်ပ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုကဏ္ဍ

### ဆဋ္ဌမအကြိမ်မြောက် အာဆီယံ-တရုတ်လွတ်လပ်သော ကုန်သွယ်မှုဒေသအဆင့်မြှင့်တင်မှုဆိုင်ရာ စေ့စပ်ဆွေးနွေးပွဲနှင့် ဆက်စပ်အစည်းအဝေးသို့ တက်ရောက်ခဲ့

အင်ဒိုနီးရှားနိုင်ငံ၊ ဂျာကာတာမြို့၌ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၂ ရက်နေ့မှ ၂၄ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သော "ဆဋ္ဌမအကြိမ်မြောက် အာဆီယံ-တရုတ် လွတ်လပ်သော ကုန်သွယ်မှုဒေသအဆင့်မြှင့်တင်မှုဆိုင်ရာ စေ့စပ်ဆွေးနွေးပွဲနှင့် ဆက်စပ်အစည်းအဝေး" သို့ စားသုံးသူရေးရာဦးစီးဌာနမှ ဒေါက်တာမျိုးမျိုးထိုက်၊ ဒုတိယညွှန်ကြားရေးမှူးက အွန်လိုင်းစနစ်ဖြင့် တက်ရောက်ခဲ့ပါသည်။ အဆိုပါ အစည်းအဝေးကျင်းပပြုလုပ်ရသည့် ရည်ရွယ်ချက်မှာ အာဆီယံ-တရုတ် လွတ်လပ်သော ကုန်သွယ်မှုသဘောတူစာချုပ် အကောင်အထည်ဖော်ရာတွင် တရုတ်နိုင်ငံနှင့် အာဆီယံနိုင်ငံများအကြား ယှဉ်ပြိုင်မှုကဏ္ဍနှင့် စားသုံးသူကာကွယ်ရေးကဏ္ဍတို့တွင် ပိုမိုနီးကပ်စွာ ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်၊ ထိရောက်သော ယှဉ်ပြိုင်မှုနှင့် စားသုံးသူကာကွယ်ရေးယန္တရားများကို တည်ဆောက်နိုင်ရန်နှင့် နည်းပညာအကူအညီများကို အပြန်အလှန်ဖလှယ်မျှဝေ ဆောင်ရွက်နိုင်ရန်တို့အတွက် ဖြစ်ပါသည်။

အစည်းအဝေးတွင် တရုတ်နိုင်ငံနှင့် အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များက အာဆီယံ-တရုတ် လွတ်လပ်သော ကုန်သွယ်မှု သဘောတူစာချုပ်၏ ယှဉ်ပြိုင်မှုနှင့် စားသုံးသူကာကွယ်ရေး အခန်းကဏ္ဍတွင် ပါရှိသည့် အထွေထွေအခန်းနှင့် စားသုံးသူကာကွယ်ရေး အခန်းတို့တွင် ထည့်သွင်းသွားမည့် အချက်အလက်များကို ဆွေးနွေးညှိနှိုင်းခဲ့ကြပါသည်။ အာဆီယံ-တရုတ် လွတ်လပ်သော ကုန်သွယ်မှု သဘောတူစာချုပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တရုတ်နိုင်ငံနှင့် အာဆီယံနိုင်ငံများရှိ ယှဉ်ပြိုင်မှုနှင့် စားသုံးသူကာကွယ်ရေးကဏ္ဍများတွင် တာဝန်ယူဆောင်ရွက်နေသော အဖွဲ့အစည်းများအကြား နည်းပညာနှင့် အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေးလုပ်ငန်းများအပါအဝင် ကဏ္ဍအလိုက် လုပ်ငန်းများကို ပူးပေါင်းညှိနှိုင်း၍ ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ သဘောတူစာချုပ်ပါ ပြဋ္ဌာန်းချက်များနှင့်

စာမျက်နှာ ၅ မှအဆက်

အညီ လိုက်ပါအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး အတွက် သက်ဆိုင်ရာအစိုးရဌာနအဖွဲ့အစည်းများ၊ ပုဂ္ဂလိက စီးပွားရေး လုပ်ငန်းရှင်များအား စားသုံးသူကာကွယ်ရေး လုပ်ငန်းများနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက် များနှင့် အသိပညာဗဟုသုတများကို ဖလှယ်မျှဝေခြင်းတို့ကို ဆောင်ရွက်သွားရပါမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

**Source: အာဆီယံ**

## စားသုံးသူတိုင်ကြားမှုနှင့်ဖြေရှင်းပေးမှုကဏ္ဍ

### Wifi Router စက်ဝယ်ယူခြင်းနှင့်ပတ်သက်၍ တိုင်ကြားလာခြင်းအပေါ် ဖြေရှင်းပေးမှုအခြေအနေ

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နေ တိုင်ကြားသူသည် Facebook Page ရှိ လျှပ်စစ်ပစ္စည်းအရောင်းဆိုင်တစ်ခု ထံမှ Wifi Router စက်မှာယူခဲ့ပြီး တစ်ပတ်အတွင်း စက်မှာ အသုံးပြု၍ မရသောကြောင့် ပြင်ဆင်ပေးရန် Page သို့ ဆက်သွယ်ပြောကြားခဲ့ရာ စက်အားပြန်လည် ပေးပို့ရန် ပြောကြားခဲ့သဖြင့် ပေးပို့ခဲ့သော်လည်း ယနေ့ အချိန်ထိ မိမိထံသို့ ပြန်လည်ပေးပို့မှုမရှိသောကြောင့် တိုင်ကြားလာခြင်းဖြစ်ပါသည်။ တိုင်ကြားမှုနှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး၊ အနောက်ပိုင်းခရိုင်ဦးစီးမှူးရုံးမှ စုံစမ်းစစ်ဆေးရေးအရာရှိက ပဏာမစုံစမ်းစစ်ဆေးရန် အတွက် တိုင်ကြားခံရသည့် လျှပ်စစ်ပစ္စည်းအရောင်းဆိုင်သို့ ဖုန်းဖြင့် ဆက်သွယ်မေးမြန်းခဲ့ရာ တိုင်ကြားခံရသူမှ ၎င်း Wifi Router စက်မှာ ပြန်လည်ပြင်ဆင်ရန် ပစ္စည်းအပို မရှိသဖြင့် အချိန်ကြန့်ကြာရခြင်းဖြစ်ပါကြောင်းနှင့် ဝယ်ယူ သူထံ ဆက်သွယ်၍ ကျေနပ်သည်အထိ ဆောင်ရွက်ပေး မည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ ဌာနမှ တာဝန်ရှိ သူက တိုင်ကြားသူထံ ဆက်သွယ်မေးမြန်းခဲ့ရာ ၎င်းဝယ်ယူ ထားသော Wifi Router စက်အသစ်တစ်လုံးအား လျှပ်စစ် ပစ္စည်းအရောင်းဆိုင်မှ ပြန်လည်ပေးပို့ခဲ့သဖြင့် ကျေနပ် မှုရှိပါကြောင်း အကြောင်းပြန်ကြားသဖြင့် တိုင်ကြားမှုကို ပိတ်သိမ်းဆောင်ရွက်ခဲ့ပါကြောင်း သတင်းရရှိပါသည်။

**Source: CICC**

### ကုန်စည်ပို့ဆောင်ရေးကုမ္ပဏီ၏ ဝန်ဆောင်မှုနှင့်ပတ်သက်၍ တိုင်ကြားလာမှုအပေါ် ဖြေရှင်းပေးမှုအခြေအနေ

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နေ တိုင်ကြားသူတစ်ဦးသည် ကုန်စည်ပို့ဆောင်ရေးကုမ္ပဏီတစ်ခုမှ ကုန်ပစ္စည်းများကို တောင်ကြီးမြို့မှ မန္တလေးမြို့သို့ နေ့ချင်းသယ်ယူပို့ဆောင် ပေးရန်အတွက် ခရီးသည်နှင့်ကုန်စည်ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းတစ်ခုသို့ အပ်နှံခဲ့သော ကုန်ပစ္စည်းများ မီးလောင်ဆုံးရှုံးပျက်စီးသွားရာ နစ်နာဆုံးရှုံးခဲ့သော ကုန်ပစ္စည်းများ၏ တန်ဖိုးအား လျော်ကြေးရယူလိုသဖြင့် တိုင်ကြားလာရခြင်းဖြစ်ပါသည်။ တိုင်ကြားမှုနှင့် ပတ်သက်၍ ရှမ်းပြည်နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများက ၂-၂-၂၀၂၄ ရက်နေ့တွင် ကားဂိတ်မှ တာဝန်ရှိသူများနှင့်လည်းကောင်း၊

စာမျက်နှာ ၇ ကော်လံ ၁ သို့



စာမျက်နှာ ၁၄ မှအဆက်



ဦးစီးမှူးရုံးအနေဖြင့် မော်လမြိုင်မြို့ ပင်စင်ဦးစီးဌာနရုံးမှ ဝန်ထမ်းများနှင့်ဘိုကုန်းဓမ္မာရုံ၌ စားသုံးသူပြည်သူများအား စားသုံးသူကာကွယ်ရေးဥပဒေပါ စားသုံးသူအခွင့်အရေး နှင့်တာဝန်များ၊ ဝန်ဆောင်မှုနှင့်ပတ်သက်၍ သိကောင်း စရာများ၊ စားသုံးသူအခွင့်အရေး ချိုးဖောက်ခံရခြင်း (သို့မဟုတ်) စားသုံးသူနစ်နာမှုများရှိပါက တိုင်ကြားနိုင် သည့်နေရာ၊ တိုင်ကြားနိုင်သည့် ဖုန်းနံပါတ်၊ Website ၊ Call Center အကြောင်းများကို ဟောပြောဆွေးနွေးခဲ့ ကြောင်း၊ ကျိုက်ထိုခရိုင် ကျိုက်ထိုမြို့နယ် လက်ပြကျေးရွာရှိ ယိုမျိုးစုံထုတ်လုပ်သည့် လုပ်ငန်းရှင်၊ ဘီးလင်းမြို့ပေါ်ရှိ သောက်ရေသန့်ထုတ်လုပ်သည့် လုပ်ငန်းရှင်၊ သထုံမြို့နယ် ရန်ကုန်-မော်လမြိုင် အဝေးပြေးလမ်းဘေးရှိ ဆန်စက် လုပ်ငန်းရှင်နှင့် မော်လမြိုင်စက်မှုဇုန်ရှိ အထည်ချုပ်စက်ရုံ လုပ်ငန်းရှင်တို့အား စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာရမည့် တာဝန်များနှင့် ကုန်အညွှန်းအမှတ်အသားပြည့်စုံမှုရှိသော ကုန်ပစ္စည်းများ ဈေးကွက်အတွင်း ရောင်းချနေနိုင်ရေး တို့ကို ဟောပြောဆွေးနွေးခဲ့ကြောင်း၊ ထို့ပြင် မွန်ပြည်နယ် မော်လမြိုင်ခရိုင်၊ သထုံခရိုင်နှင့် ဘီးလင်းမြို့နယ်၊ ကျိုက်ထိုမြို့နယ်၊ မုဒုံမြို့နယ်တို့ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနတို့နှင့် ပူးပေါင်း၍ စားသုံးသူ ကာကွယ်ရေးအသိပညာပေး (Talk Show) ဆွေးနွေးပွဲများ ကျင်းပပြုလုပ်ခဲ့ကြောင်း၊ ရခိုင်ပြည်နယ်ဦးစီးမှူးရုံး အနေဖြင့် ဂွမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးရုံး၌ နွေရာသီကျောင်းပိတ်ရက်တွင် ဖွင့်လှစ်သည့် ပန်းချီသင်တန်းသို့ သွားရောက်၍ စားသုံးသူကာကွယ်ရေး အသိပညာပေးဟောပြောခဲ့ကြောင်း သတင်းရရှိပါသည်။

**Source:ပြည်နယ်ဦးစီးမှူးရုံးများ**

### ၂၀၂၄ ခုနှစ်၊ မတ်လအတွင်း စားသုံးသူအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်မှု

ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်ဦးစီး မှူးရုံးများအနေဖြင့် စားသုံးသူကာကွယ်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များ၊ စားသုံးသူအခွင့်အရေးနှင့်တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၏ တာဝန်များ၊ တားမြစ်ချက်များ၊ ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းတို့နှင့် စပ်လျဉ်းသည့် စားသုံးသူအသိပညာပေးလုပ်ငန်းများကို ၂၀၂၄ ခုနှစ်၊ မတ်လအတွင်း တစ်ဖက်ပါအတိုင်း ဆောင်ရွက်နိုင်ခဲ့ ကြောင်း သတင်းရရှိပါသည်-

စာမျက်နှာ ၁၆ ကော်လံ ၁ သို့

*စာမျက်နှာ ၁၃ မှအဆက်*

ကော့သောင်းမြို့ ၁၀ မိုင်ရှိ အခြေခံပညာအထက်တန်းကျောင်းများအား အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနနှင့်ပူးပေါင်း၍ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား အသိပညာပေးဟောပြောခဲ့ရာ ဌာန၏ မျှော်မှန်းချက်၊ ရည်မှန်းချက်များ၊ စားသုံးသူအခွင့်အရေး (၈) ချက်နှင့် စားသုံးသူများလိုက်နာရမည့် တာဝန်များအကြောင်း၊ online မှ ဈေးဝယ်ယူရာတွင် သိသင့်၊ သိထိုက်သည့် အချက်များ၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုနှင့်ပတ်သက်၍ ကုန်စည်များတွင် ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းဆိုင်ရာများအကြောင်း၊ စားသုံးသူအခွင့်အရေးများ နစ်နာဆုံးရှုံးမှုများရှိပါက တိုင်ကြားနိုင်သည့် နည်းလမ်းများဟောပြောခဲ့ပြီး ဉာဏ်စမ်းမေးခွန်းများမေးမြန်းကာ အမှတ်တရလက်ဆောင်များချီးမြှင့်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Source:တိုင်းဒေသကြီးဦးစီးမှူးရုံးများ**

## ပြည်နယ်များအတွင်း အသိပညာပေးလုပ်ငန်းများဆောင်ရွက်



စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံးများသည် စားသုံးသူအခွင့်အရေးနှင့် အကျိုးစီးပွားများကို ကာကွယ်ရန် စားသုံးသူပြည်သူများအား အသိပညာပေးခြင်း၊ စီးပွားရေးလုပ်ငန်းရှင်များအား စီးပွားရေးကျင့်ဝတ်၊ စည်းကမ်းနှင့်အညီ ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်နိုင်စေရန်အတွက် စားသုံးသူအသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၄ ခုနှစ်၊ မတ်လအတွင်း ကချင်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့် အမှတ် (၂) ရပ်ကွက်၊ ဝိုင်းမော်မြို့နှင့် မိုးညှင်းမြို့၊ အုတ်ကျင်းရပ်ကွက်တို့ရှိ ပြည်သူများအား စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောခဲ့ကြောင်း၊ ထို့ပြင် ဗန်းမော်ခရိုင်ဦးစီးမှူးရုံး၌ ပေါင်မုန့်မျိုးစုံရောင်းချသော စီးပွားရေးလုပ်ငန်းရှင်များ ဗန်းမော်မြို့အကောက်ခွန်ဦးစီးရုံး၌ ဌာနဆိုင်ရာများနှင့် ပို့ကုန်/သွင်းကုန်စီးပွားရေးလုပ်ငန်းရှင်များ၊ မိုးညှင်းခရိုင်ဦးစီးမှူးရုံး၌ ပလက်စတစ်၊ ဖိုက်ဘာအိမ်သုံးပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းရှင်များ၊ မိုးညှင်းမြို့နယ် ဘီလူးကျေးရွာရှိ စပါး၊ ဆန်ရောင်းဝယ်ရေးလုပ်ငန်းရှင်များ၊ ဗန်းမော်မြို့အတွင်းရှိ စက်သုံးဆီအရောင်းဆိုင် စီးပွားရေးလုပ်ငန်းရှင်များနှင့် မြစ်ကြီးနားခရိုင်ဦးစီးမှူးရုံး၌ အသင့်သောက် မန်ကျည်းသီးအချိုရည်ထုတ်လုပ်ဖြန့်ဖြူးရောင်းချသည့် လုပ်ငန်းရှင်များနှင့် စားသုံးကုန်မျိုးစုံရောင်းချသည့် လုပ်ငန်းရှင်တို့အား စီးပွားရေးလုပ်ငန်းရှင်များလိုက်နာရမည့် တာဝန်များအကြောင်းကို ဟောပြောဆွေးနွေးခဲ့ကြောင်း၊ မွန်ပြည်နယ်

*စာမျက်နှာ ၁၄ ကော်လံ ၁ သို့*



*စာမျက်နှာ ၆ မှအဆက်*

၂၂-၂-၂၀၂၄ ရက်နေ့တွင် တိုင်ကြားသူနှင့် ကားဂိတ်မှတာဝန်ရှိသူများ တွေ့ဆုံဆွေးနွေးညှိနှိုင်းမှုများ ဆောင်ရွက်ခဲ့ပြီး နှစ်ဦးနှစ်ဖက်ညှိနှိုင်းမှုဆောင်ရွက်ရာတွင် ကားဂိတ်မှကုန်စည်အပ်နှံသူ တောင်းဆိုသော နစ်နာကြေး ကျပ်သိန်း ၁၄၀ အား ငွေကြေးပေးဆောင်ခြင်းမပြုဘဲ ကုန်စည်သယ်ယူပို့ဆောင်ခအဖြစ်သာ ပေးအပ်မည်ဖြစ်ပါကြောင်း၊ ကုန်စည်အပ်နှံသူမှလည်း ကုန်ပစ္စည်းသယ်ယူပို့ဆောင်ခရယူလိုခြင်းမရှိဘဲ ငွေကြေးသာ ပြန်လည်ရယူလိုကြောင်း ညှိနှိုင်းချက်အရ အဆင်ပြေမှုမရှိသဖြင့် ဌာနမှ စိစစ်ရာတွင် တိုင်ကြားသူ၏ ကုန်စည်များဖြစ်ပြီး ဝန်ဆောင်မှုပေးသောကုမ္ပဏီဖြစ်ခြင်း၊ စီးပွားရေးလုပ်ငန်းရှင်ဖြစ်နေခြင်း၊ ကုန်ပစ္စည်းများသည် တရားဝင်လိုင်စင်ဖြင့် တင်သွင်းထားသော အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်မှုမရှိခြင်း



အတွက် စားသုံးသူကာကွယ်ရေးဥပဒေ၊ လုပ်ထုံးလုပ်နည်းများဖြင့် ဖြေရှင်းဆောင်ရွက်ရန် အကန့်အသတ်ရှိနေသဖြင့် သက်ဆိုင်ရာမြို့နယ်တရားရုံးတွင် အမှုဖွင့်၍ ဖြေရှင်းဆောင်ရွက်နိုင်ပါရန် ညှိနှိုင်းအကြောင်းကြားခဲ့ပြီး တိုင်ကြားမှုကို ပိတ်သိမ်းဆောင်ရွက်ခဲ့ပါကြောင်း သတင်းရရှိပါသည်။

**Source: CICC**

၂၀၂၄ ခုနှစ်၊ မတ်လအတွင်း CICC များသို့ တိုင်ကြားမှု၊ ဖြေရှင်းပြီးစီးမှုနှင့်ဖြေရှင်းရန်ကျန်စာရင်း

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင် | မတ်လ တိုင်ကြားမှု | | တိုင်ကြားမှုနည်းလမ်းများ | | | | တိုင်ကြားမှု | | | ဖြေရှင်းပြီးစီးမှု | | | ဖြေရှင်းရန် ကျန်ရှိမှု | ဆောင်ရွက်မှု အခြေအနေ (%) |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ကုန်စည် | ဝန်ဆောင်မှု | Website | FB Page/ စာ/ဖုန်း/ | ၁၅၃၅ Call Center | ဦးစီးမှူးရုံး | ဖေဖော်ဝါရီလဖြေရှင်းရန်ကျန် | မတ်လ | ပေါင်း | ဖေဖော်ဝါရီလထိ လက်ကျန်မှ | မတ်လ | ပေါင်း | | |
| ၁ | ကချင်ပြည်နယ် | | | | | | | | | | | | | | |
| ၂ | ကယားပြည်နယ် | | | | | | | | | | | | | | |
| ၃ | ကရင်ပြည်နယ် | | | | | | | | | | | | | | |
| ၄ | ချင်းပြည်နယ် | | | | | | | | | | | | | | |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | | | | | | | ၁ | | ၁ | ၁ | | ၁ | | ၁၀၀.၀၀% |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | | | | | | | | | | | | | | |
| ၇ | ပဲခူးတိုင်းဒေသကြီး | | | | | | | ၂ | | ၂ | | | | ၂ | ၀.၀၀% |
| ၈ | မကွေးတိုင်းဒေသကြီး | | ၁ | | | | ၁ | | ၁ | ၁ | | ၁ | ၁ | | ၁၀၀.၀၀% |
| ၉ | မန္တလေးတိုင်းဒေသကြီး | | ၁ | ၁ | | | | ၈ | ၁ | ၉ | | | | ၉ | ၀.၀၀% |
| ၁၀ | မွန်ပြည်နယ် | | | | | | | | | | | | | | |
| ၁၁ | ရခိုင်ပြည်နယ် | | | | | | | ၂ | | ၂ | | | | ၂ | ၀.၀၀% |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | | ၁၇ | ၁၃ | ၃ | ၁ | | ၇၄ | ၁၇ | ၉၁ | ၈ | | ၈ | ၈၃ | ၈.၇၉% |
| ၁၃ | ရှမ်း(တောင်)တောင်ကြီး | | | | | | | ၁ | | ၁ | ၁ | | ၁ | | ၁၀၀.၀၀% |
| ၁၄ | ရှမ်း(မြောက်)လားရှိုး | | | | | | | | | | | | | | |
| ၁၅ | ရှမ်း(ရှေ့)ကျိုင်းတုံခရိုင် | | | | | | | | | | | | | | |
| ၁၆ | ဧရာဝတီတိုင်းဒေသကြီး | | | | | | | | | | | | | | |
| ၁၇ | ပြည်ထောင်စုနယ်မြေ | | ၃ | ၂ | ၁ | | | ၄ | ၃ | ၇ | ၂ | ၁ | ၃ | ၄ | ၄၂.၈၆% |
| ၁၈ | စားသုံးသူရေးရာဦးစီးဌာန | | | | | | | ၂ | | ၂ | | | | ၂ | ၀.၀၀% |
| | စုစုပေါင်း | | ၂၂ | ၁၆ | ၄ | ၁ | ၁ | ၉၄ | ၂၂ | ၁၁၆ | ၁၂ | ၂ | ၁၄ | ၁၀၂ | ၁၂.၀၇% |
| | | ၂၂ | | ၂၂ | | | | | | | | | | | |

**Source: CICC**

# ထုတ်ကုန်လုံခြုံစိတ်ချရမှုကဏ္ဍ

## တိုင်းဒေသကြီးအသီးသီးတွင် ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် စားသုံးသူများ အသုံးပြုလျက်ရှိသည့် ကုန်စည်များ ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံစိတ်ချရမှုရှိစေရေး၊ စားသုံးသူကာကွယ်ရေး ဥပဒေပါပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုရှိစေရေးအတွက် သက်ဆိုင်ရာတိုင်းဒေသကြီးများအလိုက် ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၄ ခုနှစ် မတ်လအတွင်း ဧရာဝတီတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့် ပုသိမ်မြို့နယ် ကုန်သည်လမ်းရှိ ကုန်စုံဆိုင်နှင့် စကားဝါလမ်းရှိ ဘိလပ်မြေအရောင်းဆိုင်များ၊ ကန်ကြီးထောင့်မြို့နယ် အမှတ် (၁) ရပ်ကွက်ရှိ သောက်ရေသန့်အမျိုးမျိုးအား ရောင်းချနေသော ကုန်စုံဆိုင်များ၊ ကျုံပျော်မြို့နယ် မြို့မရပ်ကွက်ရှိ ကိတ်မုန့်အမျိုးမျိုး ရောင်းချနေသော ဆိုင်များ၊ ကျောင်းကုန်းမြို့နယ် မြို့မဈေးအတွင်းရှိ အချိုရည်အမျိုးမျိုးနှင့် ဘိလပ်မြေအရောင်းဆိုင်များ၊ သာပေါင်းမြို့နယ် မြို့ပေါ်ရပ်ကွက်ရှိ စားသုံးဆီအမျိုးမျိုးနှင့် ဘိလပ်မြေအရောင်းဆိုင်များ၊ ရေကြည်မြို့နယ် ပိတောက်ချောင်ရပ်ကွက်ရှိ ပေါင်မုန့်အမျိုးမျိုး ရောင်းချသောဆိုင်များ၊ ဖျာပုံခရိုင် ဖျာပုံမြို့နယ်ရှိ ဆန်စက်နှင့် စတိုးဆိုင်များ၊ (၁၇) ရပ်ကွက်ရှိ မုန့်လုပ်ငန်းနှင့် ဆေးဆိုင်များ၊ ဒေးဒရဲမြို့နယ်၊ မြို့မဈေးရှိ ဆေးဆိုင်များ၊ ဆောက်လုပ်ရေးပစ္စည်းဆိုင်များနှင့် အမှတ် (၃) ရပ်ကွက်ရှိ ဆန်စက်၊ ကျိုက်လတ်မြို့နယ်၊ မြို့မဈေးရှိ ကုန်စုံဆိုင်များ၊ (၁) ရပ်ကွက်ရှိ မုန့်ဟင်းခါးဖို၊ (၂) ရပ်ကွက်ရှိ စက်မှုလက်မှုလုပ်ငန်း၊ (၅) ရပ်ကွက်ရှိ ဆန်စက်နှင့် ဘုရားကလေးကွင်း ကျေးရွာရှိ ဆန်စက်၊ ဘိုကလေးမြို့နယ် မြို့မဈေးရှိ ဆေးဆိုင်များ၊ ကုန်စုံဆိုင်များ၊ (၁) ရပ်ကွက်ရှိ သောက်ရေသန့်လုပ်ငန်းနှင့် (၉) ရပ်ကွက်ရှိ ဆန်စက်၊ မအူပင်ခရိုင်တွင်း မအူပင်မြို့နယ်၊ ပန်းတနော်မြို့နယ်၊ ညောင်တုန်းမြို့နယ်နှင့် ဓနုဖြူမြို့နယ်များတွင်ရှိသော (SME) လုပ်ငန်းများ၊ မအူပင်ခရိုင် ဓနုဖြူမြို့နယ် အမှတ် (၉၄) ရတနာသီရိလမ်း (၇) ရပ်ကွက်ရှိ ပဲမုန့်လုပ်ငန်း၊ ညောင်တုန်းမြို့နယ်ရှိ ငရုတ်လုပ်ငန်း၊ မအူပင်မြို့နယ် ရေလဲကလေးကျေးရွာရှိ ပဲပွဲရုံ၊ ပန်းတနော်မြို့နယ် ဆန်စက်၊ မြောင်းမြ၊ အိမ်မဲ၊ ဝါးခယ်မ၊ လပွတ္တာနှင့် မော်လမြိုင်ကျွန်းမြို့နယ်ရှိ စက်သုံးဆီဆိုင်များအား သွားရောက်၍ ဆီဆိုင်များတွင် ရည်ညွှန်းဈေးဖြင့် ရောင်းချခြင်းရှိ/ မရှိ ၊ ဆေးဆိုင်များတွင် ဈေးနှုန်းမြင့်တင်ရောင်းချခြင်းရှိ/မရှိ၊ ဘိလပ်မြေဆိုင်များတွင် ဘိလပ်မြေပြတ်လပ်မှုရှိ/မရှိ၊ ထုတ်ကုန်လုံခြုံ စိတ်ချရမှုရှိစေရေးနှင့် စားသုံးသူကာကွယ်ရေးဥပဒေပါ ကုန်အညွှန်းအမှတ်အသားဆိုင်ရာ အချက်အလက်များ ပြည့်စုံကိုက်ညီမှုရှိ/မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့် စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းရေး၊ ထုတ်ကုန်များ လုံခြုံစိတ်ချရမှုရှိစေရေး၊ ကုန်စည်နှင့်ဝန်ဆောင်မှုများ ဘေးအန္တရာယ်ကင်းရှင်းစွာ အသုံးပြုခွင့်ရရှိစေရေး၊ ဘေးအန္တရာယ်ရှိသော ကုန်စည်များ ဈေးကွက်အတွင်းမှ ပပျောက်သွားစေရေးတို့အတွက် ၂၀၂၄ ခုနှစ်၊ မတ်လတွင် ဈေးကွက်အတွင်း

*စာမျက်နှာ ၉ ကော်လံ ၁ သို့*



*စာမျက်နှာ ၁၂ မှအဆက်*

ဆိုးရှုံးမှုများနှင့်စပ်လျဉ်းသည့် တိုင်ကြားနိုင်မှုအခြေအနေများ၊ ကုန်အညွှန်းအမှတ်အသားပြည့်စုံမှုရှိသော ကုန်ပစ္စည်းများ ဈေးကွက်အတွင်း ရောင်းချနိုင်ရေးနှင့် စားသုံးသူအခွင့်အရေးများကို ကျယ်ကျယ်ပြန့်ပြန့် ဟောပြောဆွေးနွေးခဲ့ကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့် ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရှိ ဝန်ထမ်းများ၊ စစ်ကိုင်းမြို့ ပါရမီရပ်ကွက်ရှိ ပြည်သူများ၊ စစ်ကိုင်းမြို့ ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတွင် ဖွင့်လှစ်သော လူသုံးကုန်ထုတ်လုပ်မှုနည်းပညာ သင်တန်းရှိ သင်တန်းသားများနှင့် ရွှေဘိုမြို့၊ မီးသတ်ဦးစီးဌာနတွင် ပြုလုပ်သော လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းရှိ သင်တန်းသားများအား စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောခဲ့ပြီး ကလေးခရိုင်၊ ကန့်ဘလူခရိုင်၊ စစ်ကိုင်းခရိုင်၊ မုံရွာခရိုင်တို့တွင် ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနတို့နှင့်ပူးပေါင်း၍ စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေး Talk Show အစီအစဉ်များ ကျင်းပပြုလုပ်ခဲ့ကြောင်း၊ ထို့ပြင် မုံရွာမြို့ တိုင်းဒေသကြီးဦးစီးမှူးရုံး၌ ဆီလုပ်ငန်းရှင်အသင်းသားများအား စီးပွားရေးလုပ်ငန်းရှင်များလိုက်နာရမည့် တာဝန်များအကြောင်း အသိပညာပေးဟောပြောခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း၊ မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့် ပခုက္ကူ ပညာရေးဒီဂရီကောလိပ်၊ ဆိပ်ဖြူမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် ပြုလုပ်သော ပန်းချီပညာအခြေခံနှင့် အဆင့်မြင့်သင်တန်းကျောင်း၊ အနောက်ပိုင်းရပ်ကွက်ရှိ စာသင်ဝိုင်း၊ ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့မြောက်



ကုန်းရပ်ကွက်ရှိ ဗုဒ္ဓဘာသာသင်တန်းကျောင်းများရှိ ဆရာဆရာမများ၊ သင်တန်းသားသင်တန်းသူများအား လည်းကောင်း အသိပညာပေးဟောပြောခဲ့ကြောင်း၊ ထို့အပြင် ပခုက္ကူမြို့ခရိုင်၊ ပခုက္ကူမြို့နယ်အတွင်းရှိ အမှတ် (၃/၁၁ /၁၅) ရပ်ကွက်များရှိ ကြက်သွန်ကြော်လုပ်ငန်းရှင်၊ အုန်းကပ်စေးထုတ်လုပ်သည့် လုပ်ငန်းရှင်၊ ကုလားပဲချောင်းကြော်လုပ်ငန်းရှင်၊ မြေပဲဆုံဆီလုပ်ငန်းရှင်၊ မန်ကျည်းပြားလုပ်ငန်းရှင်၊ ပဲကြီးလှော်လုပ်ငန်းရှင်များ၊ ဆိပ်ဖြူမြို့၊ ရေလယ်ကျွန်းကျေးရွာရှိ ပဲပူးကြော်လုပ်ငန်းရှင်၊ ပတ္တမြားဈေးရှိ ကုန်မျိုးစုံဆိုင်ရှင်များ၊ အနောက်ပိုင်းရပ်ကွက်ရှိ ကုန်စုံဆိုင်များရှိ လုပ်ငန်းရှင်များ၊ ဂန့်ဂေါခရိုင်အတွင်းရှိ ဂန့်ဂေါမြို့ စည်ပင်သာယာရပ်ကွက်၊ မြို့မဈေးအတွင်းရှိ ကုန်မျိုးစုံဆိုင်များမှ လုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ စီးပွားရေးလုပ်ငန်းရှင်များလိုက်နာရမည့် တာဝန်များအကြောင်းကို ဟောပြောဆွေးနွေးခဲ့ကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့် ထားဝယ်ခရိုင်၊ထားဝယ်မြို့ ပညာရေးဒီဂရီကောလိပ်၊ မြိတ်ခရိုင်၊ မြိတ်မြို့ ထားဝယ်ကမ်းရပ်ရှိ အခြေခံပညာမူလတန်းကျောင်းနှင့် ကော့သောင်းခရိုင်၊

*စာမျက်နှာ ၁၄ ကော်လံ ၁ သို့*

စာမျက်နှာ ၁၁ မှအဆက်

ရေကြည်မြို့နယ်၊ ပိတောက်ချောင်ရပ်ကွက်၊ ပုသိမ်ခရိုင်ဦးစီးမှူးရုံး၊ ဖျာပုံမြို့နယ်ရှိ ပျားမွတ်ကျေးရွာနှင့် မော်ဘီကျေးရွာ၊ ဒေးဒရဲမြို့နယ်၊ (၁) ရပ်ကွက်၊ ကျိုက်လတ်မြို့နယ် အမှတ် (၃) ရပ်ကွက်၊ ဝါးခယ်မမြို့နယ် ကြီးနီစု ဘုန်းတော်ကြီးကျောင်း၊ ညောင်တုန်းမြို့နယ် ... ဓနုဖြူမြို့နယ် ရေကြည်ကျေးရွာ၊ မအူပင်မြို့နယ်၊ မှန်ပင်ကျေးရွာနှင့် ညောင်တုန်းမြို့နယ် ဝါးတောစွန်းကျေးရွာတို့ရှိ စားသုံးသူပြည်သူများ၊ ရေကြည်မြို့နယ်၊ အားကစားခန်းမ၌ သင်တန်းသားများနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာန၌ ဝန်ထမ်းများ၊ မြောင်းမြမြို့နယ် ပညာရေးကောလိပ်တွင် ဆရာ၊ ဆရာမ ကျောင်းသားကျောင်းသူများနှင့် လပွတ္တာမြို့နယ် မီးသတ်ဦးစီးဌာနတွင် မီးသတ်တပ်ဖွဲ့နှင့် တပ်ဖွဲ့ဝင်မိသားစုများတို့ကို စားသုံးသူအကြောင်းသိကောင်းစရာများ၊ တိုင်ကြားနိုင်သည့် အချက်အလက်များအား ကျယ်ကျယ်ပြန့်ပြန့် ဟောပြောဆွေးနွေးခဲ့ကြောင်း၊ ဖျာပုံမြို့နယ်၊ ကျိုက်လတ်မြို့နယ်၊ ဒေးဒရဲမြို့နယ်၊ ဘိုကလေးမြို့နယ်၊ အိမ်မဲမြို့နယ်၊ မြောင်းမြမြို့နယ်၊ မော်လမြိုင်ကျွန်းမြို့နယ်၊ ဝါးခယ်မမြို့နယ်၊ လပွတ္တာမြို့နယ်၊ ဓနုဖြူမြို့နယ်နှင့် ဟင်္သာတမြို့နယ်တို့တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပူးပေါင်းပြီး ၂၀၂၄ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့တွင် ကျရောက်သော ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့နှင့် ပတ်သက်၍ Talk Show အစီအစဉ်ဖြင့် အသိပညာပေး အစီအစဉ်များကို ဆောင်ရွက်ခဲ့ကြောင်း၊ လုပ်ငန်းရှင်တွေ့ဆုံခြင်းနှင့်ပတ်သက်၍ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေးဒရဲမြို့နယ်နှင့် ကျိုက်လတ်မြို့နယ်ရှိ မော်တော်ယာဉ်လိုင်းပေါင်းစုံအသင်းများ၊ ဖျာပုံမြို့နယ် ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၊ ဒေးဒရဲမြို့နယ်၊ ဆန်စက်လုပ်ငန်းရှင်အသင်းများ၊ ဘိုကလေးမြို့နယ် ဆန်စက် ပိုင်လုပ်ငန်းရှင်အသင်းတို့နှင့် တွေ့ဆုံပြီး ဈေးနှုန်းအခြေအနေ၊ တင်ပို့ရောင်းချမှုအခြေအနေနှင့် အသင်း၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် ပတ်သက်၍ တွေ့ဆုံဆွေးနွေးခြင်း၊ ငပုတောမြို့နယ် မြို့နယ်တာဝန်ခံရုံး၌ ငါးခြောက်လုပ်ငန်းရှင်များ၊ ဆန်စက်လုပ်ငန်းရှင်များနှင့် အုန်းပင်စုကျေးရွာရှိ ဆန်စက်လုပ်ငန်းရှင်၊ ရေကြည်မြို့နယ်၊ မြို့နယ်တာဝန်ခံရုံး၌ မုန့်တိုက်လုပ်ငန်းရှင်များ၊ ဂျင်းသုတ်လုပ်ငန်းရှင်နှင့် မြို့မဈေးအတွင်းရှိ ကုန်စုံဆိုင်လုပ်ငန်းရှင်များ၊ သာပေါင်းမြို့နယ် မြို့နယ်တာဝန်ခံရုံး၌ ကုန်စုံဆိုင်လုပ်ငန်းရှင်များ၊ အမှတ် (၃) ရပ်ကွက်ရှိ ဆန်စက်လုပ်ငန်းရှင်၊ ပုသိမ်ခရိုင်၊ ခရိုင်ဦးစီးမှူးရုံး၌ ဆီလုပ်ငန်းရှင်များ၊ မုန့်ဆိုင်လုပ်ငန်းရှင်များနှင့် ကွမ်းခြံရပ်ကွက်ရှိ ဆန်စက်လုပ်ငန်းရှင်၊ ကန်ကြီးထောင့်မြို့နယ် မြို့နယ်တာဝန်ခံရုံး၌ ဆီလုပ်ငန်းရှင်များနှင့် မုန့်လုပ်ငန်းရှင်၊ ကျုံပျော်မြို့နယ် မြို့နယ်တာဝန်ခံရုံး၌ ငှက်ပျောကြော်လုပ်ငန်းရှင်များ၊ ကျောင်းကုန်းမြို့နယ် မြို့နယ်တာဝန်ခံရုံး၌ ဆီလုပ်ငန်းရှင်များနှင့် မုန့်တိုက်လုပ်ငန်းရှင်၊ ဒေးဒရဲမြို့နယ်၊ ကုန်မျိုးစုံရောင်းချသည့် လုပ်ငန်းရှင်၊ ဘိုကလေးမြို့နယ် ဆန်စက်လုပ်ငန်းရှင်များနှင့် (၁) ရပ်ကွက်ရှိ မုန့်တိုက်ဝန်ထမ်းများနှင့် လပွတ္တာမြို့နယ်၊ အောင်တော်မူဘုရားဝန်းအတွင်းတွင် ကုန်မျိုးစုံရောင်းချသည့် လုပ်ငန်းရှင်များကို တွေ့ဆုံ၍ စားသုံးသူကာကွယ်ရေးဥပဒေ၏ ရည်ရွယ်ချက်များ၊ ကုန်စည်၊ ဝန်ဆောင်မှုများနှင့်စပ်လျဉ်း၍ ဘေးအန္တရာယ်ဖြစ်နိုင်ခြေရှိသည့် အခြေအနေများ၊ စားသုံးသူနစ်နာ

စာမျက်နှာ ၁၃ ကော်လံ ၁ သို့



စာမျက်နှာ ၈ မှအဆက်

ရောင်းချနေသော စားသောက်ကုန်များ၊ လူသုံးကုန်များအား ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်း (၃၇) ကြိမ် ဆောင်ရွက်ခဲ့ကြောင်း၊ မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့် ပခုက္ကူမြို့၊ အမှတ် (၈) ရပ်ကွက်နှင့် ပခုက္ကူမြို့ အမှတ် (၇) ရပ်ကွက်တို့ရှိ လျှပ်စစ်ပစ္စည်းအရောင်းဆိုင်များသို့ သွားရောက်၍ အိမ်သုံးလျှပ်စစ်ပစ္စည်းများတွင် အသုံးပြုသော လျှပ်စစ်ပစ္စည်းအမျိုးမျိုးတွင် ကုန်အညွှန်းအမှတ်အသား ပြည့်စုံစွာပါဝင်မှု ရှိ/မရှိ၊ ပခုက္ကူမြို့ မြို့မဈေးနှင့် အမှတ် (၂) စည်ပင်သာယာဈေးရှိ ကုန်စုံဆိုင်များ၊ ဆိပ်ဖြူမြို့ အနောက်ပိုင်းရပ်ကွက်ရှိ စတိုးဆိုင်များသို့ သွားရောက်၍ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ စားသုံးရန်မသင့် ထုတ်ပြန်ထားသော အစားအသောက် (၃) မျိုး ရောင်းချမှု ရှိ/မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ကြောင်း၊ ပခုက္ကူမြို့ အမှတ် (၃) ရပ်ကွက်၊ ဂန့်ဂေါမြို့ မြို့မဈေးနှင့် ဆိပ်ဖြူမြို့ ပတ္တာမြားဈေးတို့ရှိ ကုန်စုံဆိုင်များသို့ သွားရောက်၍ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ စားသုံးရန်မသင့် ထုတ်ပြန်ထားသော အစားအသောက် (၂) မျိုး ရောင်းချမှု ရှိ/မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့် ထားဝယ်မြို့ပေါ်ရှိ ကမ်းနားပျံကျဈေး၊ ထားဝယ်မြို့၊ ပညာရေးဒီဂရီကောလိပ်ရှိ မုန့်ဈေးတန်းများ၊ ဆေးဆိုင်များ၊ ကုန်စုံဆိုင်များ၊ မြိတ်မြို့ပေါ်ရှိ ဆိပ်ငယ်ဈေး၊ ထားဝယ်ကမ်းရပ်၊ အခြေခံပညာမူလတန်းကျောင်း မုန့်ဈေးတန်း၊ ဆေးဆိုင်များ၊ ကုန်စုံဆိုင်များနှင့် ကော့သောင်းမြို့၊ ၁၀ မိုင်ရှိ အခြေခံပညာ အထက်တန်းကျောင်း မုန့်ဈေးတန်း၊ ဆေးဆိုင်များ၊ ကုန်စုံဆိုင်များသို့ သွားရောက်စစ်ဆေးပြီး ထုတ်လုပ်ဖြန့်ဖြူးရောင်းချသည့် ဆိုင်များအား စားသုံးသူပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာ ဝယ်ယူအသုံးပြုနိုင်စေရန်အတွက် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန၏ ထောက်ခံချက်များ ပါရှိမှုများ ရှိ/မရှိ၊ ကုန်အညွှန်းအမှတ်အသားဖော်ပြရာတွင် စားသုံးသူကာကွယ်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဖော်ပြထားရှိမှုများ ရှိ/မရှိ စစ်ဆေးခြင်းနှင့် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သတင်းရရှိပါသည်။

**Source:တိုင်းဒေသကြီးဦးစီးမှူးရုံးများ**

## ပြည်နယ်အသီးသီးတွင် ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် စားသုံးသူများ အသုံးပြုလျက်ရှိသည့် ကုန်စည်များ ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံစိတ်ချရမှုရှိစေရေး၊ စားသုံးသူကာကွယ်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုရှိစေရေးအတွက် သက်ဆိုင်ရာပြည်နယ်များအလိုက် ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၄ ခုနှစ် မတ်လအတွင်း ကချင်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့် မိုးညှင်းမြို့၊ နောင်စွန်းရပ်ကွက်၊ မြို့မရပ်ကွက်၊ အုတ်ကျင်းရပ်ကွက်နှင့် စိမ်းမြောက်ရပ်ကွက်တို့ရှိ ကုန်စုံဆိုင်များ၊ ဗန်းမော်မြို့ သာစည်ရပ်ကွက်ရှိ စတိုးဆိုင်နှင့် ပေါက်ကုန်းရပ်ကွက်ရှိ ကုန်စုံဆိုင်များ၊ မြစ်ကြီးနားမြို့ အောင်နန်းရပ်ကွက်၊ စီတာပူရပ်ကွက်နှင့် ဒူထောင်ရပ်ကွက်တို့ရှိ လက်လီ

စာမျက်နှာ ၁၀ ကော်လံ ၁ သို့

စာမျက်နှာ ၉ မှအဆက်

လက်ကားဖြန့်ဖြူးရောင်းချနေသော ကုန်စုံဆိုင်များအား ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းနှင့်ပတ်သက်၍ စားသုံးသူကာကွယ်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှု ရှိ/မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ကြောင်း၊ မွန်ပြည်နယ်ဦးစီးရုံးအနေဖြင့် ဘီးလင်းမြို့၊ သထုံမြို့၊ မော်လမြိုင်မြို့နှင့် ပေါင်မြို့နယ်အတွင်းရှိ ဆေးဆိုင်များအား သွားရောက်၍ ဆေးဆိုင်များတွင် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ ထောက်ခံချက်မပါရှိသော ဆေးဝါးများအား ရောင်းချနေမှု ရှိ/မရှိ၊ မော်လမြိုင်မြို့နယ်ရှိ စက်သုံးဆီ အရောင်းဆိုင်များအား သွားရောက်၍ ဆီအရည်အသွေးနှင့် အချိန်အတွယ်မှန်ကန်မှု ရှိ/မရှိ နှင့် ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၏ သတ်မှတ်ချက်စည်းကမ်းချက်နှင့် ကိုက်ညီမှုရှိ/မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ကြောင်း သတင်းရရှိပါသည်။

**Source:** ပြည်နယ်ဦးစီးမှူးရုံးများ

## ၂၀၂၄ ခုနှစ်၊ မတ်လအတွင်း ဈေးကွက်စောင့်ကြည့်စစ်ဆေးမှုအခြေအနေ

စားသုံးသူရေးရာဦးစီးဌာနသည် စားသုံးသူပြည်သူများ အသုံးပြုလျက်ရှိသည့် ကုန်စည်များဖြစ်သော အသင့်စားအစားအစာများ၊ စားသုံးဆီများ၊ အသင့်သောက် အချိုရည်များ၊ အရန်သင့်အစားအစာများ၊ အိမ်သုံးဆေးဝါးများနှင့် လူသုံးကုန်ပစ္စည်းများ ဘေးအန္တရာယ်ကင်းရှင်းမှု ရှိ/မရှိ သက်ဆိုင်ရာမိတ်ဖက်ဌာနများနှင့် ပူးပေါင်းစစ်ဆေးခဲ့ပါသည်။ ထို့ပြင် စားသုံးဆီများအား ဖြစ်သင့်ဖြစ်ထိုက်သော ဈေးနှုန်းများနှင့် ရောင်းချခြင်း ရှိ/မရှိ နှင့် ဆေးနှင့် ဆေးပစ္စည်းများ ဈေးကွက်အတွင်း ပစ္စည်းပြတ်လပ်မှု ရှိ/မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးဆောင်ရွက်ခဲ့ရာ ၂၀၂၄ ခုနှစ်၊ မတ်လအတွင်း ဈေးကွက်စောင့်ကြည့်စစ်ဆေးမှု (၁၉၇၅) ကြိမ် ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Source:** ထုတ်/လုံ

## ၂၀၂၄ ခုနှစ်၊ (ဇန်နဝါရီလမှ မတ်လအထိ) ကုန်အညွှန်းအမှတ်အသား စိစစ်ခွင့်ပြုပေးခဲ့မှုအခြေအနေ

စားသုံးသူကာကွယ်ရေးဥပဒေ ၂၀၁၉၊ အခန်း (၁၈) တွင် ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းနှင့်စပ်လျဉ်းသည့် အချက်အလက်များပြဋ္ဌာန်းထားပြီး ကုန်အညွှန်းအမှတ်အသားဖော်ပြရာတွင် မြန်မာဘာသာဖြင့် ဖော်ပြရန်လိုအပ်သည့် အသေးစိတ်အချက်များကိုလည်း စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာရန်အတွက် မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်က ညွှန်ကြားချက် အမှတ် (၂/ ၂၀၁၉) ဖြင့် ထုတ်ပြန်ထားပြီးဖြစ်ပါသည်။ ထုတ်ကုန်လုံခြုံစိတ်ချရမှုဌာနခွဲအနေဖြင့် ကုန်စည်များတွင် မြန်မာဘာသာဖြင့် ကုန်အညွှန်းအမှတ်အသားဖော်ပြထားခြင်းအား ညွှန်ကြားချက် (၂/၂၀၁၉) နှင့်အညီ စိစစ်ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၄ ခုနှစ်

စာမျက်နှာ ၁၁ ကော်လံ ၁ သို့



စာမျက်နှာ ၁၀ မှအဆက်

(ဇန်နဝါရီလမှ မတ်လ အထိ) အတွင်း တိုင်းဒေသကြီး /ပြည်နယ်များမှ တင်ပြလာသည့် ကုန်စည်များကို အောက်ပါအတိုင်း စိစစ်ဆောင်ရွက်ပေးခဲ့ပါသည်-

**Source:** ထုတ်/လုံ

**၂၀၂၄ ခုနှစ်အတွင်း ကုန်အညွှန်းအမှတ်အသား စိစစ်ခွင့်ပြုပေးခဲ့မှုအခြေအနေ**

| စဉ် | လအမည် | စိစစ်ရန် တင်ပြလာမှုအခြေအနေ (အရေအတွက်) | | ခွင့်ပြုခဲ့သည့် အခြေအနေ (အရေအတွက်) | |
|---|---|---|---|---|---|
| | | ကုမ္ပဏီ | ကုန်ပစ္စည်း | ကုမ္ပဏီ | ကုန်ပစ္စည်း |
| ၁ | ဇန်နဝါရီလ | ၃၄ | ၁၄၄ | ၃၃ | ၁၄၃ |
| ၂ | ဖေဖော်ဝါရီလ | ၃၄ | ၁၁၄ | ၃၄ | ၁၁၄ |
| ၃ | မတ်လ | ၄၃ | ၁၂၅ | ၄၃ | ၁၂၅ |
| စုစုပေါင်း | | ၁၁၁ | ၃၈၃ | ၁၁၀ | ၃၈၂ |

## တိုင်းဒေသကြီးများအတွင်း အသိပညာပေးလုပ်ငန်းများဆောင်ရွက်




စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံးများသည် စားသုံးသူအခွင့်အရေးနှင့် စားသုံးသူအကျိုးစီးပွားကာကွယ်ရေး၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိစေရေးတို့အတွက် စားသုံးသူအသိပညာပေး ဟောပြောပွဲများကျင်းပခြင်းနှင့် စီးပွားရေးကျင့်ဝတ်၊ စည်းကမ်းနှင့်အညီ ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်နိုင်စေရေးတို့အတွက် စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၄ ခုနှစ်၊ မတ်လအတွင်း ဧရာဝတီတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့် ပန်းတနော်မြို့နယ် အနောက်ပိုင်းရပ်ကွက်၊ မြန်အောင်မြို့ ကျွဲတဲကုန်းကျေးရွာအုပ်စု၊ ငပုတောမြို့နယ်၊ ကျောင်းကုန်းမြို့နယ် တညင်ကုန်းရွာ၊ သာပေါင်းမြို့နယ် ဂုံမင်းရပ်ကွက်၊ ကျုံပျော်မြို့နယ် အမှတ် (၂) ရပ်ကွက်၊

စာမျက်နှာ ၁၂ ကော်လံ ၁ သို့